Highlights from DVB Debate’s Peace Samples in ASEAN Show

May 20, 2017

“What are the best ASEAN examples in Peace Process?”

“ကိုလီဘီယာနိုင်ငံ ဥပမာ ကြည့်ရင် သူတို့ ငြိမ်းချမ်းရေးကို နိုင်ငံထဲမှာမလုပ်ဘဲနဲ့ ကျူးဘားက ဟားဗားမှာ လျှို့ဝှက်သွားလုပ်တယ် မီဒီယာတွေတောင် မသိဘူး။ ဘာလို့လဲဆိုတော့ နှစ်ပေါင်းများစွာ ပြဿနာဖြစ်လိုက် ဖြေရှင်းလိုက်နဲ့ နောက်ဆုံး ကိုလံဘီယာ ဒီပြဿနာကို အပြီးသတ် ဖြေရှင်းချင်တယ် ဒါကြောင့် သေချာအချိန်ယူပြီး. ပြန်လေ့လာသုံးသပ်ကြပြီးတော့မှ လျှို့ဝှက် ကျင်းပခဲ့တယ်”

ဦးအောင်နိုင်ဦး - ငြိမ်းချမ်းရေးအကျိုးတော်ဆောင်(ဟောင်း)၊ မြန်မာငြိမ်းချမ်းရေးစင်တာ

---

“ငြိမ်းချမ်းရေးဖြစ်စဉ်ကို နိုင်ငံတကာကပဲ နမူနာ ယူယူ၊ ပြည်တွင်းကပဲ နမူနာယူယူ လက်နက်ကိုင်အဖွဲ့အားလုံး စားပွဲဝိုင်းပေါ် မရောက်သရွေ့က ငြိမ်းချမ်းရေးရမှာ မဟုတ်ဘူး”

ဦးမောင်မောင်စိုး - မြန်မာ့အရေး/တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ

---

“တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုဆိုင်ရာ စာချုပ် .အန်စီအေကို ရီဗျူးလုပ်ဖို့ လိုနေပြီ. ပြင်ဖို့ ပြောနေတာမဟုတ်ဘူး”

ဦးမောင်မောင်စိုး - မြန်မာ့အရေး/တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ

“အန်စီအေကို ရီဗျူးလုပ်ဖို့ မလိုဘူး ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံးကိုပဲ ရီဗျူးလုပ်ဖို့ လိုတယ်။ မဟာဗျူဟာတွေကိုပဲ ရဲရဲတင်းတင်း ချမှတ် လုပ်ရမှာ”

ဦးအောင်နိုင်ဦး - ငြိမ်းချမ်းရေးအကျိုးတော်ဆောင်(ဟောင်း)၊ မြန်မာငြိမ်းချမ်းရေးစင်တာ

---

“တိုင်းရင်းသားတွေ ဘက်ကလည်း ရှင်းရှင်းလင်းလင်း မရှိဘူး၊ အစိုးရဘက်ကလည်း ဘာလုပ်မယ်ဆိုတာ ရှင်းရှင်းလင်းလင်း မရှိဘူး၊ တပ်ကလည်း မရှိသေးဘူး။ တွေ့ဆုံ စကားပြောလိုက်တိုင်းမှာ ဘာလိုချင်ကြတယ်ဆိုတာ ရှင်းရှင်းလင်းလင်း ရှိမှ ရမယ်”

ဒေါက်တာ ရွှေခါး(ရ်) - တွဲဖက်အတွင်းရေးမှူး ၁၊ ချင်းအမျိုးသားတပ်ဦး

---

"မြန်မာပြည်ပဋိပက္ခတွေ ဖြေရှင်းတဲ့အခါမှာ နိုင်ငံတကာကို ဖိအားပေးခိုင်းရင် နိုင်ငံတကာက ဂင်စွက်တာပါ ခံနေရလိမ့်မယ်"

ဦးမောင်မောင်စိုး - မြန်မာ့အရေး/တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ

---

"ကျနော်တို့ဆီမှာက စစ်ပွဲက ဈေးကြီးတယ်. ငြိမ်းချမ်းရေးက ဈေးချိုနေတယ်ဗျ"

ဦးအောင်နိုင်ဦး - ငြိမ်းချမ်းရေးအကျိုးတော်ဆောင်(ဟောင်း)၊ မြန်မာငြိမ်းချမ်းရေးစင်တာ

---